ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဘရပ်ဆဲလ်မြို့

# ပြည်ပရောက် မဲဆန္ဒရှင်များ ကြားဖြတ်ရွေးကောက်ပွဲများအတွက် မဲပေးနိုင်ရန် စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာခြင်း
## (၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် လွှတ်တော်အသီးသီး၌ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သွားရန်ရှိပါသည်။

၂။ သို့ပါ၍ ဘယ်လ်ဂျီယံနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ လူဇင်းဘတ်နိုင်ငံနှင့် ခရိုအေးရှားနိုင်ငံတို့၌ သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်၍ တရားဝင်နေထိုင်ကြသော မြန်မာနိုင်ငံသားများ ကြိုတင်မဲဆန္ဒပေးနိုင်ရန်အတွက် ပုံစံ (၁၅)များကိုဖြည့်စွက်ပြီး မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့သို့ email: visa@embassyofmyanmar.be ဖြင့်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း၊ လူကိုယ်တိုင် သော်လည်းကောင်း ၅-၁၂-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ပေးနိုင်ပါရန် မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

၃။ မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများမှ ပုံစံ (၁၅) ဖြည့်စွက်ရာ၌ တောင်းဆိုသူ၏အမည်၊ တိုင်းရင်းသားလူမျိုး၊ မှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ် (အသက်)၊ အဘအမည်၊ အမိအမည်၊ တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ (မြန်မာဘာသာဖြင့်) တောင်းဆိုသူ လက်ရှိရောက်ရှိနေသည့် နေရပ်လိပ်စာ (အင်္ဂလိပ်ဘာသာဖြင့်)မှန်ကန် ပြည့်စုံစွာ ဖြည့်စွက်ပေးရန် လိုအပ်သည့်အပြင် ဆက်သွယ်နိုင်မည့် တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာများကိုလည်း မှန်ကန် ပြည့်စုံစွာ ရေးသားပေးပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ နိုင်ငံပြင်ပရောက် မြန်မာနိုင်ငံသားများမှ သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် အချိန်မီ ဆန္ဒမဲပေးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကိုလည်း သံရုံးမှ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ကြောင်းလည်း အသိပေးအပ်ပါသည်။

၅။ လစ်လပ်မဲဆန္ဒနယ်များအတွက် ကြိုတင်မဲပေးရန် ပုံစံ ၁၅ နှင့် အကျုံးဝင်သော မြို့နယ်တို့မှာ ပူးတွဲ “က”နှင့်“ခ” ပါအတိုင်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
083
BRUSSELS

ပူးတွဲ (က)

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ
[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ------------------------------ သည် ------------------------------ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော့်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြ တောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ------------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ------------------------------------------------

(၃) မှတ်ပုံတင်အမှတ် ------------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ------------------------------------------------

(၅) အဘအမည် ------------------------------------------------

(၆) အမိအမည် ------------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်( )
------------- လမ်း/ကျေးရွာ -------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
---------------မြို့နယ်၊ ------------------ တိုင်းဒေသကြီး/ပြည်နယ်

(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် --------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) --------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ -----------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် မြို့နယ်အမည် ဖော်ပြရန်။
ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ(သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်။

7/8

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၃ / ၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

## လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက် (၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ် ကြေညာလိုက်သည် -

| | လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|---|
| (၁) | မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာ |
| (၂) | ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဆုံ |
| (၃) | အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမ်း |
| (၄) | လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ |
| (၅) | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း) |
| (၆) | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) |
| (၇) | ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူး |
| (၈) | ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကျေးသီး |
| (၉) | မိုင်းရှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရှူး |

| လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) ချင်းပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၃) | ထန်တလန် |
| (၂) ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၄) | ကျောက်တံခါး၊ ညောင်လေးပင် |
| (၃) ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၆) | ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ |

| လစ်လပ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ဖရူဆို |
| (၂) ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ကျိုင်းတုံ |
| (၃) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ကျေးသီး |
| (၄) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ကျေးသီး |
| (၅) ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ညောင်ရွှေ |
| (၆) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | မိုင်းရှူး |
| (၇) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | မိုင်းရှူး |

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်